Message Five

# ယဇ်ပုရောဟိတ်ဆိုင်ရာ ကျမ်းတတ်ဖြစ်သည့် ဧဇရနှင့် ဘုရားသခင်၏နှုတ်ကပတ်တော်၌ ကျွမ်းကျင်လေ့ကျက်သောသူ ဧဇရများ လိုအပ်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဧဇ၊ ၇း၆၊ ၁၁-၁၂၊ ၂၁။ ၈း၂၁-၂၃။ နေ၊ ၈း၁-၉၊ ၁၁-၁၃။ ၁၂း၂၆

**I. ဧဇရသည် ယဇ်ပုရောဟိတ်တစ်ဦးဖြစ်ပြီး၊ ကျမ်းတတ်တစ်ဦးလည်းဖြစ်သည်။ ထို့ကြောင့် သူသည် စာသက်သက် ကျမ်းတတ် မဟုတ်ဘဲ၊ ယဇ်ပုရောဟိတ်ဆိုင်ရာကျမ်းတတ်ဖြစ်သည် - ဧဇ၊ ၇း၆၊ ၁၁-၁၂၊ ၂၁။ နေ၊ ၈း၁-၂၊ ၈-၉၊ ၁၁-၁၂။ ၁၂း၂၆။**

A. ယဇ်ပုရောဟိတ်သည် သခင်ဘုရားနှင့်အတူ ရောနှောပေါင်းစည်း၍၊ သခင်ဘုရားနှင့်အတူ ပျော်ဝင်ပြည့်ဝခံရသောသူဖြစ်သည်။ ဧဇရသည် ဤသို့သော ပုဂ္ဂိုလ်မျိုးဖြစ်သည် - ဧဇ၊ ၈း၂၁-၂၃။

B. ဧဇရသည် ဘုရားသခင်၌ ကိုးစားသောသူ၊ ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်သောသူ၊ ဘုရားသခင်၏နှုတ်ကပတ်တော်၌ ကျွမ်းကျင်လေ့ကျက်သောသူ၊ ဘုရားသခင်၏စိတ်နှလုံးတော်၊ ဘုရားသခင်၏အလိုဆန္ဒနှင့် ဘုရားသခင်၏စီမံကိန်းကို သိသောသူဖြစ်သည် - ၇း၆၊ ၁၁-၁၂၊ ၂၁။

C. ယဇ်ပုရောဟိတ်ဆိုင်ရာကျမ်းတတ်အနေဖြင့် ဧဇရသည် ကိုယ်တော်ကို စဉ်ဆက်မပြတ် ဆက်သွယ်ခြင်းအားဖြင့် သခင်ဘုရားနှင့် တစ်လုံးတစ်ဝရှိခဲ့သ်ည - နေ၊ ၈း၁-၂၊ ၈-၉၊ ၁၁-၁၂။ ၁၂း၂၆။

D. ဧဇရသည် အသစ်သော တစ်စုံတစ်ရာကို မပြောခဲ့ပါ။ သူပြောခဲ့သည့်အရာမှာ မောရှေကပြောခဲ့ပြီးသားအရာဖြစ်သည် - ဧဇ၊ ၇း၆။ နေ၊ ၈း၁၄။ ၂ပေ၊ ၁း၁၂။

E. ယဇ်ပုရောဟိတ်များနှင့် လေဝိလူများသည် ကျမ်းတတ်ဧဇရထံ ပညတ်တရား၏ စကားများအထဲသို့ ထိုးထွင်းသိမြင်မှုကို ရရှိကြရန် စုဝေးကြခဲ့သည်။ နေဟမိ ၈း၁၃ တွင် *ထိုးထွင်းသိမြင်ခြင်း* ဟူသည်မှာ ပင်ကိုမူလပုံဆောင်ချက်အား နားလည်သဘောပေါက်ခြင်းအား ရည်ညွှန်းသည်။

**II. ဧဇရသည် အစ္စရေးလူတို့အား ကောင်းကင်ဆိုင်ရာသမ္မာတရားများဖြင့် သူတို့ကို ပညာသင်ကြားပေးခြင်းအားဖြင့် ပြန်လည်စေ့စပ်ထုံးဖွဲ့ပေးခဲ့သည်၊ သို့မှသာ အစ္စရေးလူတို့သည် ဘုရားသခင်၏သက်သေခံချက် ဖြစ်လာနိုင်မည်ဖြစ်သည် - အငယ်၊၁-၃၊ ၅-၆၊ ၈၊ ၁၃-၁၈။**

A. အစ္စရေးအဖို့ ဘုရားသခင်၏ရည်ရွယ်ချက်မှာ မြေကြီးပေါ်တွင် ကိုယ်တော်၏သက်သေခံချက်ဖြစ်ရန် ဘုရားဆိုင်ရာစေ့စပ်ထုံးဖွဲ့ခံရသောလူများ - ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် ပြန်လည်စေ့စပ်ထုံးဖွဲ့ခံရသောလူများကို ရရှိရန်ဖြစ်သည် - ဟောရှ၊၄၉း၆။ ၆ဝး၁-၃။ ကော၊၃း၁၆။

B. ဖမ်းဆီးသိမ်းသွားခံရာမှ ပြန်လာကြပြီးနောက် အစ္စရေးလူမျိုးတို့သည် ထိန်းမနိုင်သိမ်းမရသောသူများ ဖြစ်နေကြဆဲဖြစ်သည်၊ အကြောင်းမှာ သူတို့သည် ဗာဗုလုန်ပြည်၌ မွေးဖွားကာ၊ ကြီးပြင်းခဲ့ကြပြီး၊ သူတို့၏စေ့စပ်ထုံးဖွဲ့မှု၌ ဗာဗုလုန်ပြည်သား ဖြစ်လာခဲ့ကြသောကြောင့် ဖြစ်သည်။

1. ဗာဗုလုန်ပြည်သားဒြပ်သဘာဝသည် သူတို့အထဲသို့ ဆောင်ယူခံရပြီး၊ သူတို့ဖြစ်ခြင်းအထဲသို့ စေ့စပ်ထုံးဖွဲ့ခြင်းရှိခဲ့သည် - ဇာ၊၃း၃-၅။
2. အစ္စရေးတိုင်းပြည်၏ ပြည်သားများဖြစ်ရန် သူတို့ဘိုးဘေးများ၏ မြေသို့ ပြန်လာကြပြီးနောက် သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် ပြန်လည်စေ့စပ်ထုံးဖွဲ့ခံရန် လိုအပ်နေသည် - နေ၊၈း၁-၃၊ ၅-၆၊ ၈၊ ၁၃။

C. ဘုရားသခင်၏လူများကို ဘုရားသခင်အတိုင်းဖြစ်သော ယဉ်ကျေးမှု၊ ဘုရားသခင်ကို ထင်ရှားသော ယဉ်ကျေးမှုအထဲသို့ ခေါ်ဆောင်ရန် သွန်သင်ခြင်းနှင့် ပြန်လည်စေ့စပ်ထုံးပေးခြင်း လိုအပ်လျက်ရှိသည်။ ဤသို့သော ယဉ်ကျေးမှုသည် ပညာသင်ကြားပေးမှု ကြီးမားလှစွာ လိုအပ်နေသည် - အငယ်၊၈။

D. ဘုရားသခင်၏လူများကို ပြန်လည်စေ့စပ်ထုံးဖွဲ့ပေးခြင်းအတွက် ဧဇရသည် အလွန် အသုံးဝင်ခဲ့သည်၊ အကြောင်းမှာ သူသည် ကောင်းကင်ဆိုင်ရာနှင့် ဘုရားဆိုင်ရာ စေ့စပ်ထုံးဖွဲ့မှုနှင့် ယဉ်ကျေးမှု၏ စုစုပေါင်းကို သယ်ဆောင်ထားကာ၊ သူ့အားဖြင့် လူများသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် ပြန်လည်စေ့စပ်ထုံးဖွဲ့ခံရနိုင်မည်ဖြစ်သည် - အငယ်၊၁-၂။

E. ဇေရသည် လူများကို ဘုရားသခင်၏နှုတ်ကပတ်တော်သို့ လှည့်ပြန်စေသည်၊ သို့မှသာ သူတို့သည် ဘုရားဆိုင်ရာနှုတ်ကပတ်တော်၌ ကောင်းကင်ဆိုင်ရာ သမ္မာတရားများဖြင့် ပြန်လည် ပညာသင်ကြားခြင်းနှင့် ပြန်လည်စေ့စပ်ထုံးဖွဲ့ခြင်း ခံရနိုင်မည်ဖြစ်သည်။

F. ဘုရားသခင်၏လူများကို ပြန်လည်စေ့စပ်ထုံးဖွဲ့ပေးရန်အလို့ငှာ ဘုရားသခင်၏နှုတ်တော်မှ ထွက်လာသော၊ ဘုရားသခင်ကို ထင်ရှားစေသော နှုတ်ကပတ်တော်ဖြင့် သူတို့ကို ပညာသင်ပေးရန် လိုအပ်လျက်ရှိသည် - ဆာ၊၁၁၉း၂၊ ၉၊ ၁၀၅၊ ၁၃၀၊ ၁၄၀။

1. ဘုရားသခင်၏လူများကို ပြန်လည်စေ့စပ်ထုံးဖွဲ့ပေးခြင်းမှာ သူတို့ကို ဘုရားသခင်၏နှုတ်ကပတ်တော်အထဲသို့ ထားရှိခြင်းအားဖြင့် ပညာသင်ကြားပေးခြင်းဖြစ်သည်၊ သို့မှသာ သူတို့သည် နှုတ်ကပတ်တော်ဖြင့် ပျော်ဝင်ပြည့်ဝခြင်း ရှိနိုင်မည်ဖြစ်သည် - ကော၊၃း၁၆။
2. ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အတွင်း၌ အလုပ်လုပ်နေသည်နှင့်အမျှ ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သော ဘုရားသခင်၏ဝိညာဉ်တော်သည် နှုတ်ကပတ်တော်မှတစ်ဆင့် ဘုရားသခင်၏သဘောသဘာဝနှင့် ဘုရားသခင်၏ဒြပ်သဘာဝကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ အလိုအလျောက် ဝေငှဖြန့်ဖြူးပေးသည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့သည် ပြန်လည်စေ့စပ်ထုံးဖွဲ့ခံရကြသည် - ၂တိ၊၃း၁၆-၁၇။

G. ဇေရ၏အမှုတော်မှတစ်ဆင့် ပြန်လည်စေ့စပ်ထုံးဖွဲ့ခံရခြင်း၏ ရလဒ်အဖြစ် (ပုံဆောင်ချက်၌) အစ္စရေးလူတို့သည် အထူးဖြစ်သော လူမျိုး၊ ဘုရားသခင်ထံသို့ သန့်ရှင်းစင်ကြယ်ခံရသော၊ ခွဲခြားခံရသော၊ ဘုရားသခင်ကို ထင်ရှားသော လူမျိုးဖြစ်လာခဲ့သည် - ဟေရှာ၊၄၉း၆။ ၆၀း၁-၃။ ဇာ၊၄း၂။

1. ပြန်လာသော ဖမ်းဆီးသိမ်းသွားခံရသူများသည် ဘုရားသခင်၏သက်သေခံချက်ဖြစ်လာရန် တစ်ဦးချင်းဆိုင်ရာနှင့် စုပေါင်းခြင်းဆိုင်ရာ ပြန်လည်စေ့စပ်ထုံးဖွဲ့ခံရကြသည်။
2. သူတို့သည် ဘုရားသခင်၏ စဉ်းစားခြင်းဖြင့်၊ ဘုရားသခင်၏ဆင်ခြင်တွေးတောခြင်းများဖြင့်၊ ဘုရားသခင်၏ဖြစ်ခြင်းရှိသမျှဖြင့် ပို့လွှတ်ဖြန့်ဖြူးခံရကြသည်။ ဤအရာက သူတို့ကို ဘုရားသခင်၏ ပုံတူမှုပွားဖြစ်လာစေသည်။
3. ဤသို့သော ဘုရားဆိုင်ရာစေ့စပ်ထုံးဖွဲ့မှုအားဖြင့် အယောက်စီတိုင်းသည် အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်လာသည်။ ရလဒ်အနေဖြင့် သူတို့သည် ဘုရားဆိုင်ရာ အကျင့်စာရိတ္တကို ထင်ရှားစေသော ဘုရားဆိုင်ရာလူမျိုး ဖြစ်လာကြသည် - ၁ပေ၊၂း၉။

**III. သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ဆက်သွယ်သောသူ၊ ဘုရားသခင်နှင့် ပျော်ဝင်ပြည့်ဝခြင်း ရှိသောသူ၊ ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်သောသူ၊ ဘုရားသခင်နှင့် ရောနှောပေါင်းစည်းသောသူ၊ ဘုရားသခင်နှင့် ဖြည့်ခြင်းခံသောသူ၊ ဘုရားသခင်၏နှုတ်ကပတ်တော်၌ ကျွမ်းကျင်လေ့ကျက်သောသူဖြစ်သည့် ယဇ်ပုရောဟိတ်ဆိုင်ရာ သွန်သင်သူများ တည်းဟူသော ဇေရများကို လိုအပ်သည်။ ဤသည်မှာ ပြန်လည်ရယူခြင်း၌ သွန်သင်သူဖြစ်ရန် အရည်အချင်းရှိသော ပုဂ္ဂိုလ်မျိုးဖြစ်သည် - မ၊၁၃း၅၂။ ၂ကော၊၃း၅-၆။ ၁ကော၊၂း၇။ ၂တိ၊၁း၁၁။**

A. သခင်ယေရှုသည် လူများအား စာတန်ဆိုင်ရာမှောင်မိုက်ထဲမှ ဘုရားဆိုင်ရာအလင်းအထဲသို့ ခေါ်ထုတ်ရန်အလို့ငှာ သွန်သင်ပေးခဲ့သည် - မာ၊၆း၆။ ညွှန်း၊ တ၊၂၆း၁၈။

1. လူသည် အပြစ်ထဲသို့ ကျဆင်းသွားခြင်းမှာ သူနှင့် ဘုရားသခင်အကြား မိတ်သဟာယကို ချိုးဖျက်ခဲ့ပြီး၊ လူများအားလုံးကို ဘုရားသခင်ကို သိကျွမ်းခြင်းအား မသိနားမလည်ခြင်းဖြစ်စေကာ၊ ထိုသို့သော မသိနားမလည်ခြင်းသည် မှောင်မိုက်နှင့်သေခြင်းကို ဖြစ်ပေါ်စေသည် - ဧ၊၄း၁၇-၁၈။
2. လောက၏အလင်းဖြစ်သော သခင်ဘုရားသည် သေခြင်း၏အရိပ်၌ ထိုင်နေကြသော လူများအပေါ် ထွန်းလင်းရန် ကြီးစွာသောအလင်းအဖြစ် ကြွလာခဲ့သည် - ယော၊၈း၁၂။ မ၊၄း၁၂-၁၆။
3. သခင်ဘုရား၏သွန်သင်ခြင်းသည် အလင်း၏စကားကို ထွက်ပေါ်စေပြီး၊ ယင်းသည် မှောင်မိုက်နှင့် သေခြင်း၌ရှိနေကြသောသူများအား အသက်၏အလင်းကို ရရှိရန် ဖြစ်စေသည် - ယော၊၁း၄။

B. သွန်သင်ခြင်းသည် ဖွင့်ပြခြင်းနှင့် ညီမျှသည်၊ ယင်းသည် ဖုံးကွယ်ရာကို ဖွင့်ပေးခြင်းဖြစ်သည် - ၁တိ၊၂း၇။ ဧ၊၃း၃-၄၊ ၉။

1. သွန်သင်ခြင်းဟူသည်မှာ ဖုံးကွယ်ရာကို ဖယ်ရှားလိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အခြားသူများကို သွန်သင်နေစဉ်မှာ ဖုံးကွယ်ရာကို ဖယ်ရှားပေးရမည်၊ သို့မှသာ သူတို့သည် သုံးပါးတစ်ပါးဘုရား၏ တစ်စုံတစ်ရာကို မြင်တွေ့နိုင်ကြမည်ဖြစ်သည်။
2. ကျွန်ုပ်တို့သည် အသင်းတော်အစည်းအဝေး၌ တစ်စုံတစ်ခု ပြောသောအခါ၊ ကျွန်ုပ်တို့၏ဟောပြောခြင်းသည် ဖုံးကွယ်ရာကို ဖယ်ရှားခြင်းဖြစ်သင့်ပါသည်။ ဤသည်မှာ ကျွန်ုပ်တို့၏သွန်သင်ခြင်းသည် ဖွင့်ပြခြင်းကို တင်ဆက်ပြသခြင်းဖြစ်ရမည်ဟုဆိုလိုသည် - ၁တိ၊၄း၆။
3. ယနေ့၏ဇေရများသည် ဘုရားသခင်၏လူများအား သမ္မာတရားဖြင့် ပညာသင်ကြားပေးခြင်းအားဖြင့် စေ့စပ်ထုံးဖွဲ့ဖို့ အားထုတ်ကြရမည်၊ သို့မှသာ သူတို့သည် မြေကြီးပေါ်မှာ ဘုရားသခင်၏သက်သေခံချက်၊ ကိုယ်တော်၏ စုပေါင်းထားသော ထင်ရှားခြင်းဖြစ်နိုင်မည်ဖြစ်သည် - နေ၊၈း၁-၈၊ ၁၃။ ၂တိ၊၂း၂၊ ၁၅။ ၁တိ၊၃း၁၅။

C. ပြန်လည်ရယူခြင်း၌ အမြင့်မားဆုံးသမ္မာတရား - လွန်ခဲ့သည့် ရာစုနှစ်များအတွင်း ပြန်လည်ရယူခဲ့သည့် သမ္မာတရားများ၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်သော သမ္မာတရား ရှိသည် - ၂း၄။ ၂တိ၊၂း၂၊ ၁၅။
1. ဖြည့်ဆည်းခြင်းရှိရမည့် အကြီးမားဆုံးလိုအပ်ချက်မှာ ပြန်လည်ရယူခြင်းသည် ရှေ့ဆက်သွားနိုင်ရန် သခင်ဘုရားပြန်လည်ရယူခြင်းရှိ သန့်ရှင်းသူများကို သမ္မာတရားအထဲသို့ ခေါ်ဆောင်ပေးဖို့ ဖြစ်သည် - ၁တိ၊၂း၄။ ၂တိ၊၂း၂၊ ၁၅။
2. ကျွန်ုပ်တို့၌ သန့်ရှင်းသောကျမ်းစာတော်မြတ်၌ အပြင်ပိုင်းကျသော သမ္မာတရားများနှင့် အတွင်းကျကျ သမ္မာတရားများ နှစ်ခုလုံးရှိသည် - လု၊၂၄း၃၉။ ၁ကော၊၁၅း၄၅ခ။ ရော၊၈း၃၄၊ ၁၀။ ကော၊၃း၁။ ၁း၂၇။
3. သမ္မာကျမ်းစာကို လေ့လာခြင်း၌ ကျွန်ုပ်တို့သည် “အကိုင်းအခက်များ”ကိုသာ အလေးပေးခြင်းမပြုဘဲ၊ “အမြစ်များ”နှင့် “ပင်စည်”အထဲသို့ နက်ရှိုင်းစွာ ဝင်ရောက်သွားရမည်ဖြစ်သည်။
4. ကျွန်ုပ်တို့သည် ဘုရားသခင့်စီမံကိန်း၏ အဆင့်များနှင့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ ကြည်လင်ပြတ်သားသော ပုံဆောင်ချက်များကို မြင်ရန် လိုအပ်သည် - ယော၊၁း၁၄။ ၁ကော၊၁၅း၄၅ခ။ ဧ၊၁း၂၂-၂၃။ ၄း၄-၆။

D. သမ္မာတရားဖြင့် စေ့စပ်ထုံးဖွဲ့ခံခြင်းမှာ သမ္မာတရားကို ကျွန်ုပ်တို့၏ပင်ကိုမူလဖြစ်ခြင်း၊ ကျွန်ုပ်တို့၏အသက်ဆိုင်ရာ စေ့စပ်ထုံးဖွဲ့မှုဖြစ်လာစေရန် ကျွန်ုပ်တို့အထဲသို့ ဆောင်ယူခြင်းပင် ဖြစ်သည် - ၂ယော၊၂။
1. ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ ပင်ကိုမူလ ဒြပ်သဘာဝသည် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဆောင်ယူခံရခြင်း၊ စေ့စပ်ထုံးဖွဲ့ခြင်း ရှိရမည်ဖြစ်သည် - ကော၊၃း၁၆။
2. သမ္မာတရားသည် ကျွန်ုပ်တို့နားလည်သဘောပေါက်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့အထဲသို့ တစ်ကြိမ်ဝင်ရောက်လာသည်နှင့် ၎င်းသည် ကျွန်ုပ်တို့၏မှတ်ဉာဏ်၌ တည်မြဲနေကာ၊ ထိုနောက် ကျွန်ုပ်တို့၏မှတ်ဉာဏ်၌ သမ္မာတရားကို စွဲမြဲထားလျက်၊ သမ္မာတရားကို စုဆောင်းထားရှိခြင်း ဖြစ်စေမည်ဖြစ်သည် - ၁ပေ၊၁း၁၃။ ၂ပေ၊၁း၁၅။ ၃း၁။
3. သမ္မာတရားသည် ကျွန်ုပ်တို့၏မှတ်ဉာဏ်အထဲသို့ ဝင်ရောက်သွားပြီးနောက် ၎င်းသည် အမြဲရှိသော၊ ရေရှည်ဖြစ်သော ကျွေးမွေးမစမှု ဖြစ်လာသည်။ ထိုနောက် ကျွန်ုပ်တို့သည် သမ္မာတရားကို စုဆောင်းထားပြီး၊ စဉ်ဆက်မပြတ် ကျွေးမွေးမစမှုအောက်တွင် ရှိကြသည် - ကော၊၃း၁၆၊ ၄။ ၁တိ၊၄း၆။

E. သခင်ဘုရားပြန်လည်ရယူခြင်းရှိ သန့်ရှင်းသူအားလုံးတို့သည် ဘုရားဆိုင်ရာဖွင့်ပြခြင်း၌ သင်တန်းပေးခြင်းခံသင့်ပါသည် - ၂တိ၊၂း၂၊ ၁၅။
1. သမ္မာကျမ်းစာရှိ အရေးကြီးသော ဖွင့်ပြခြင်းများအားလုံးနီးပါးသည် ညီအစ်ကိုနီးနှင့် ညီအစ်ကိုလီ၏ အမှုတော်၌ ချုံငုံဖော်ပြခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် ဤစင်ကြယ်၍ ကျန်းမာစေသော အစာများကို အလေးထားသင့်ပြီး၊ “အဆိပ်ရှိသော တောဘူးသီးများ”ကို စုဆောင်းခြင်း၌ ကျွန်ုပ်တို့၏အချိန်ကို မဖြုန်းတီးသင့်ပါ - ၂ဘုရင်၊၄း၃၈-၄၁။
2. ကျွန်ုပ်တို့အားလုံးသည် အသက်အဖြစ်လေ့လာခြင်း စာစောင်များနှင့် အောက်ခြေမှတ်စုနှင့်အတူရှိသည့် ပြန်လည်ရယူခြင်းကျမ်းတို့မှတစ်ဆင့် အကူအညီရယူကာ သမ္မာကျမ်းစာ၏ နှုတ်ကပတ်တော်စကား၏ ပင်ကိုမူလ ပုံဆောင်ချက်ကို မြင်ရန် လိုအပ်သည် - နေ၊၈း၈၊ ၁၃။

*© 2022 Living Stream Ministry*